ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ မဗဘ/ ဘဏ်စိစစ်/ ၁ ( ၁/ ၂၀၁၉ )
ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

**အမှာစာ**

အကြောင်းအရာ။ **ပြည်တွင်းပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံခြားဘဏ်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကျိုးတူရင်းနှီးမြှုပ်နှံမှု (Equity Investment) လက်ခံဆောင်ရွက်လိုပါက တင်ပြရန်ကိစ္စ**

၁။ ပြည်တွင်းပုဂ္ဂလိကဘဏ်များအနေဖြင့် နိုင်ငံခြားဘဏ်များ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ အကျိုးတူရင်းနှီးမြှုပ်နှံမှု (Equity Investment) ၃၅% အထိကို လက်ခံဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ဆောင်ရွက်လိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရန်ဖြစ်ပါသည်။

၂။ ထိုသို့တင်ပြရာတွင် နှစ်ဦးနှစ်ဖက်သဘောတူထားသည့် အကျိုးတူရင်းနှီးမြှုပ်နှံမှုအချိုးအစား (Equity Investment Ratio)၊ စည်းမျဉ်းစည်းကမ်းများ(Terms & Conditions) ကိုဖော်ပြ၍ သဘောတူစာချုပ်မိတ္တူနှင့်အတူ အခြားလိုအပ်သော စာရွက်စာတမ်းအထောက်အထားများကိုပါ ပူးတွဲတင်ပြရန်ဖြစ်ပါသည်။

၃။ ပြည်တွင်းပုဂ္ဂလိကဘဏ်များသည် ပြည်တွင်းတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ခွင့်ရရှိသည့် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ သို့မဟုတ် Subsidiary များနှင့် အကျိုးတူရင်းနှီးမြှုပ်နှံမှု (Equity Investment) ဆောင်ရွက်လိုပါက ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်အတိုင်း လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

(ပုံ)xxxxxxxxx
ဥက္ကဋ္ဌ(ကိုယ်စား)
( စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ )

**ဖြန့်ဝေခြင်း**
ပုဂ္ဂလိကဘဏ်များအားလုံး

မိတ္တူကို
ရုံးလက်ခံ